THE EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
132 SATHORN NUA ROAD, BANGKOK 10500, THAILAND
Tel : (662) 233 2237, (662) 233 7250, (662) 234 4698,
(662) 237 7744, Fax : (662) 236 6898

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ပြည်ပတွင်ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၌ ကြိုတင် ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးနိုင်မည့်ကိစ္စ အသိပေးကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးရှိ လစ်လပ် မဲဆန္ဒနယ်မြေများအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ထိုင်းနိုင်ငံရောက် မဲဆန္ဒရှင် မြန်မာနိုင်ငံသားများအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ရောက်ရှိနေသော သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူ မြန်မာနိုင်ငံသားများအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ကြိုတင် ဆန္ဒမဲပေးနိုင်ရန်အတွက် ကြိုတင်ဆန္ဒမဲတောင်းခံသည့် ပုံစံ (၁၅) ကို ဖြန့်ဝေ ပေးလျက်ရှိပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပူးတွဲကြေညာချက်တွင် ပါရှိသော လစ်လပ်မဲဆန္ဒနယ်များတွင် အကျုံးဝင်သည့် ထိုင်းနိုင်ငံရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ရောက်ရှိနေသော သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူ မြန်မာနိုင်ငံသားများအနေဖြင့် ပုံစံ (၁၅) ဖြည့်စွက်ရာတွင် ပုံစံပါအချက်အလက်များကို တိကျပြည်စုံမှန်ကန်စွာ ဖြည့်စွက်၍ မြန်မာသံရုံး၊ ဗန်ကောက်မြို့၏ အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင် (Registered Mail) ဖြင့်ဖြစ်စေ၊ တယ်လီဖက်စ် (သို့မဟုတ်) အီးမေးလ်ဖြင့်ဖြစ်စေ၊ (၅-၁၂-၂၀၁၆) ရက်နေ့ နောက်ဆုံးထား၍ ကာယကံရှင်၏ နိုင်ငံကူးလက်မှတ် (မိတ္တူ)၊ ဆက်သွယ်နိုင်ရန် အချက် အလက်များနှင့်အတူ ပြန်လည် ပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်-

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR

132 SATHORN NUA ROAD, BANGKOK 10500, THAILAND

Tel: (662) 233 2237 , (662) 233 7250, (662) 234 4698, (662) 237 774

Fax: (662) 236 6869

Email: myanmarembassybkk@gmail.com

၃။ ပုံစံ (၁၅) ရှိ အမှတ်စဉ် (၈)တွင် ပါရှိသော ပြည်ပလိပ်စာအား မြန်မာ (သို့)အင်္ဂလိပ် ဘာသာဖြင့် ဖော်ပြရန်ဟု ရေးသားထားသော်လည်း အင်္ဂလိပ်ဘာသာ တစ်မျိုးတည်းဖြင့်သာ ဖြည့်သွင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ မဲဆန္ဒရှင်များမှ ဖြည့်စွက်ပေးပို့လာသော ပုံစံ (၁၅) များကို မြန်မာသံရုံး၊ ဗန်ကောက်မြို့မှ သက်ဆိုင်ရာသို့ အချိန်မီပေးပို့ဆောင်ရွက်ရမည် ဖြစ်ပါသဖြင့် လစ်လပ်မဲဆန္ဒနယ်များတွင် အကျုံးဝင်သော မဲဆန္ဒပေးပိုင်ခွင့်ရှိသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ရောက်ရှိနေသော သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူ မြန်မာနိုင်ငံသားများအနေဖြင့် တိကျမှန်ကန်စွာ ဖြည့်စွက်ထားသော ပုံစံ (၁၅) ကို အချိန်မီပေးပို့ပေးပါရန်နှင့် (၅-၁၂-၂၀၁၆) ရက်နေ့ထက် နောက်ကျပြီး ရောက်ရှိလာသော ပုံစံ (၁၅) များကို ဆက်လက်ပေးပို့နိုင်မည် မဟုတ်ပါကြောင်းကိုလည်း အသိပေးဖော်ပြ အပ်ပါသည်။

၄။ ဤအသိပေး ကြေညာချက်ကို နီးစပ်ရာ မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆိုင်ထားသူ မြန်မာနိုင်ငံသားများထံသို့ ဆက်လက်အသိပေး ဖြန့်ဝေပေးနိုင်ပါရန်နှင့် ပူးတွဲပါ ပုံစံ (၁၅) ကို မိတ္တူကူးယူ၍ ဖြည့်စွက်ပေးနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ပူးတွဲ ( ၄ ) ရွက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR 026 BANGKOK

မြန်မာသံရုံး၊ ဗန်ကောက်မြို့

ရက်စွဲ၊ ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်